# ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန် အစည်းအဝေး

## ပထမနေ့ အစီအစဉ်

## [ ၂၈ - ၅ - ၂၀၁၄ ]

## ( ဗုဒ္ဓဟူးနေ့ )

၁။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ကတိသစ္စာ မပြုရသေးသော တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်းများက ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း။

၃။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၄။ အမျိုးသားလွှတ်တော် ပထမနေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၅။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။

၆။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကား ပြောကြားခြင်း။

၇။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဦးစိုင်းကျော်ဇောသန်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **လွိုင်လင် - ပန်ကေတု - သီပေါ ပြည်ထောင်စုလမ်းမကြီးတွင် ပါဝင်သော လွိုင်လင်မြို့နယ်၊ ပင်လုံမြို့အတွင်းရှိ ၅/၄ မိုင်တိုင် မှ ၆/၁ မိုင်တိုင်အထိ လက်ရှိ(၁၂)ပေလမ်းကို အကျယ် တိုးချဲ့ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးသိန်းလှိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၏ **မုံရွာ - ယာကြီး - ကလေးဝလမ်းအား ရာသီမရွေး အသုံးပြုနိုင်ရေး** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ဂ ) ဒေါက်တာဝင်းမြင့်အောင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၏ **မြန်မာပြည်တွင်း လမ်းအသုံးပြုခ ကောက်ခံရေးဂိတ်များက စက်မှုဇုန်ထုတ် ကားများကိုလည်း အခြားယာဉ်များနည်းတူ သတ်မှတ်ခွင့်ပြု တန်ချိန်ထက် (၂)တန်ပိုမို ခွင့်ပြုနိုင်ခြင်း** ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးအောင်ငြိမ်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)(ဥက္ကဋ္ဌ၊ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ)၏ **လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီးထံသို့ လိပ်မူ၍ပေးပို့အပ်သော အသနားခံတင်ပြ တိုင်ကြားစာအပေါ် ဦးဆောင်ညွှန်ကြားရေးမှူး၏ ဖြေရှင်းချက်မှာ ကွဲလွဲနေပါ၍ အပြုသဘော ဆောင်ထပ်ဆင့် အသနားခံ တင်ပြတိုင်ကြားခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( င ) ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၏ **လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနမှ (၁၀)နှစ်ကျော်ကြာ လုပ်ကိုင်ခွင့်ပြုခဲ့သော လျှပ်စစ်မီတာများကို ဌာနပိုင်မီတာ ပြောင်းလဲတပ်ဆင်ရမည်ဟု အကြောင်းပြ၍ ငွေကြေးထပ်မံ ကောက်ခံနေခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း။

၈။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော လမ်းနှင့်တံတား အသုံးပြုခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို အသိပေး တင်ပြခြင်း။

၉။ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော လမ်းနှင့်တံတား အသုံးပြုခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့လာခြင်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၁၀။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေ(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၂/၂၀၁၀)ကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို အသိပေး တင်ပြခြင်း။

၁၁။ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၂/၂၀၁၀)ကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့လာခြင်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၁၂။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ပထမနေ့ အစည်းအဝေး ရပ်နားကြောင်း နှင့် ဒုတိယနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။